


Smartphone ၊ laptop နဲ့ tablet လို ပျောက်ဆုံးလွယ်တဲ့ mobile ပစ္စည်းတွေထဲက ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို အခုဖော်ပြပေးမယ့် tool တွေနဲ့ tip တွေက မသမာသူတွေလက်ထဲမကျရောက်သွားစေဘဲ ပြန်လည်ရယူပေးနိုင်မှာ ဖြစ်ပါတယ်။ >>

**Taxi ပေါ်မှာ ကျန်ခဲ့တာပဲဖြစ်ဖြစ်၊ လူစည်ကားရာနေရာတစ်ခုမှာ ကျခဲ့တာပဲဖြစ်ဖြစ် အကျင့်မကောင်းတဲ့သူ တစ်ယောက်လက်ထဲ ကိုယ့် phone ရောက်သွားခဲ့ရင်တော့ မလွယ်ပါဘူး။ လုံခြုံရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Symantec ရဲ့လေ့လာမှုတွေအရ သုံးစွဲသူတွေရဲ့ ၃၆ ရာခိုင်နှုန်းလောက်က phone ပျောက်တတ်ကြကြောင်း တွေ့ရှိရပါတယ်။**

ပျောက်သွားတဲ့ ကိုယ့်ရဲ့ phone က smartphone ၊ ဒါမှမဟုတ် ပျောက်သွားတဲ့ပစ္စည်းက တန်ဖိုးရှိတဲ့ laptop ၊ ဒါမှမဟုတ် tablet ဖြစ်နေတယ်ဆိုရင်တော့ ရသွားတဲ့လူက ချက်ချင်းဖွင့်ပြီး ကိုယ့်အချက်အလက်တွေကို သူအလိုရှိသလို အသုံးချတော့မှာ ဖြစ်ပါတယ်။ ဒီလိုပစ္စည်းတွေ ပျောက်သွားတယ်။ ကျန်ခဲ့တယ်ဆိုတာက ဒီပစ္စည်းကို ပြန်မရနိုင်တော့တဲ့အပြင် ပစ္စည်းထဲမှာရှိနေတဲ့ ကိုယ့်အချက်အလက်တွေ၊ file တွေ၊ contact တွေ၊ ဓာတ်ပုံတွေနဲ့ ကိုယ့် ID ကိုပါ အခိုးခံလိုက်ရသလို ခံစားရမှာပါ။

တကယ်လို့များ ပျောက်သွားခဲ့တယ်ဆိုရင် အောက်ပါအဆင့်တွေကို ကြိုးစားစေချင်ပါတယ်။ ပျောက်သွားတဲ့ ကိုယ့် phone ၊ latptop ၊ tablet ပြန်ရမယ်လို့ အာမ မခံပေမယ့် အနည်းဆုံးတော့ အဲဒီပစ္စည်းအထဲမှာရှိနေတဲ့ ကိုယ့်အချက်အလက်တွေ အခိုးခံရတာကနေ ကာကွယ်တဲ့အနေနဲ့ ဖျက်ပစ်နိုင်မှာ ဖြစ်ပါတယ်။




## ကြိုတင်ကာကွယ်ခြင်း Password သုံးပါ

ကိုယ့် laptop ၊ phone စတာတွေကို ကာကွယ်တဲ့အနေနဲ့ password ပေးထားသင့်ပါတယ်။ Password ပေးထားတဲ့အတွက် သုံးတဲ့အခါတိုင်းမှာ ရိုက်ထည့်နေရတာက အနှောင့်အယှက်ဖြစ်တယ်လို့ ထင်ကောင်းထင်မှာပါ။ ဒါပေမဲ့ မသမာသူတွေရဲ့ လက်ထဲရောက်သွားချိန်မှာတော့ ဒီလို password ပေးထားတာကို ကျေးဇူးတင်နေမိမှာပါ။

iOS ကို သုံးထားတဲ့ iPad ၊ ဒါမှမဟုတ် iPhone တွေမှာ တော့ ဂဏန်း ၄ လုံးပါတဲ့ PIN ပေးထားနိုင်ပါတယ်။ Android ကို သုံးထားတယ်ဆိုရင်တော့ PIN သာမကဘဲ pattern ကိုပါ password အဖြစ် အသုံးပြုနိုင်ပါတယ်။ Pattern ဆိုတာ screen ပေါ်မှာ password ကို ပုံတစ်ပုံလို ရေးဆွဲမှတ်သားထားတဲ့ နည်းလမ်းဖြစ်ပါတယ်။ Android ဖြစ်ဖြစ်၊ iOS ဖြစ်ဖြစ်၊ security နဲ့ ပတ်သက်သမျှအားလုံးကို setting menu မှာ ရှာနိုင်ပါတယ်။ Android တွေမှာဆိုရင်တော့ PIN ၊ ဒါမှမဟုတ် pattern ကို သတ်မှတ်ဖို့ location and security အောက်မှာ ရှာနိုင်ပါတယ်။ iOS မှာဆိုရင်တော့ general>>passcode lock ဆိုပြီး PIN ကို သတ်မှတ်နိုင်ပါတယ်။

PIN ကို သတ်မှတ်တဲ့အခါမှာ အရမ်းလွယ်ကူတဲ့ 0000၊ ဒါမှမဟုတ် 1234 စတာတွေကို မရွေးမိပါစေနဲ့။ ကိုယ့်အတွက် လွယ်ကူစေတာမှန်ပေမယ့် တခြားလူတွေကိုလည်း အလွယ်တကူ မဖြစ်ပါစေနဲ့။ Phone တွေကိုလည်း လုံခြုံရေးအတွက်စီစဉ်သလို ကိုယ့် laptop ကိုလည်း စီစဉ်သင့်ပါတယ်။ Screen ရှေ့က ခဏလောက်ပဲဖြစ်ဖြစ် ထွက်သွားတဲ့အခါမျိုးမှာ Windows + L ကိုနှိပ်ပြီး login screen ပေါ်နေအောင် ထားလို့ရပါတယ်။ Max OSX မှာတော့ keychain access ကို utility folder အောက်မှာ ရှာနိုင်ပါတယ်။ မတွေ့ရင် search ကတစ်ဆင့် ရှာနိုင်ပါတယ်။ Keychain access menu ကိုတွေ့ရင် preference ကိုရွေးပါ။ Show keychain access in the menu bar ဆိုတဲ့ check box ကို check လုပ်ပါ။ Menu bar မှာ lock icon တစ်ခု ပေါ်လာပါလိမ့်မယ်။ ယင်း icon ကိုသုံးပြီး screen ကို lock ချနိုင်မှာ ဖြစ်ပါတယ်။

## Smartphone မှာ security software သုံးပါ

Pin ၊ pattern ၊ password စတာတွေနဲ့ ကာကွယ်ထားပေမယ့် ကိုယ့်ရဲ့ data တွေဟာ အပြည့်အဝလုံခြုံမှုမရသေးပါဘူး။ ဒါကြောင့် mobile phone တွေမှာသုံးဖို့ security software တွေ လိုအပ်နေပါသေးတယ်။ Android ကိုသုံးထားတယ်ဆိုရင်တော့ Lookout Mobile Security ၊ Norton Mobile Security ၊ Seekdroid နဲ့ Webroot Mobile Security တို့ဟာ ပျောက်ဆုံးသွားတဲ့ ကိုယ့် phone ကိုရှာဖွေတာ၊ lock ချတာ၊ ရှိသမျှ data တွေကို အဝေးကနေ ဖျက်တာစတာတွေကို အလွယ်တကူ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ တချို့သော security application တွေမှာ anti-malware နဲ့ phishing safeguard တွေ ပါဝင်တဲ့အပြင် ကိုယ့်ရဲ့ နေ့စဉ် activity တွေနဲ့ ပတ်သက်လို့လည်း ကာကွယ်ပေးထားမှာ ဖြစ်ပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ software အားလုံးကို အခမဲ့ရနိုင်ပေမယ့် Seekdroid တစ်ခုတည်းသာ တစ်ဒေါ်လာနဲ့ ဝယ်ရပါတယ်။ ဒါပေမဲ့ အခမဲ့ရတဲ့ software တွေက တချို့ function တွေကို အသုံးပြုချင်ရင်တော့ unlock လုပ်တဲ့အနေနဲ့ ငွေကြေးတစ်စုံတစ်ရာ ပေးရမှာ ဖြစ်ပါတယ်။

iOS အတွက် security application တွေဆိုရင်တော့ အင်မတန်နည်းပါတယ်။ Security software တွေနဲ့ပတ်သက်လို့ မရှာခင်မှာ ကိုယ့် iPhone ၊ iPod touch ၊ iPad စတာတွေအပေါ်မှာ Find My iPhone app ကို install လုပ်ပါ။ ပြီးမှ ကိုယ့်ရဲ့ Apple ID ကို အသုံးပြုပြီး Me.com ကို sign in ဝင်ပါ။ ဝင်ပြီးသွားတာနဲ့ ကိုယ့် iOS ရှိနေတဲ့နေရာကို မြေပုံပေါ်မှာ အနီးဆုံးခန့်မှန်းဖော်ပြထားမှာ ဖြစ်ပါတယ်။ ဒါ့ပြင် ပျောက်ဆုံးသွားတဲ့ phone ကို အဝေးကနေ lock ချဖို့၊ data တွေကို ဖျက်ပစ်ဖို့ စတာတွေကို ခိုင်းစေနိုင်မှာ ဖြစ်ပါတယ်။ Find My iPhone ကိုသုံးဖို့ setup




Looout Web portal ကနေ ပျောက်ဆုံးသွားတဲ့ Android phone ကို remote track လုပ်ပေးနိုင်ပါတယ်

အနည်းငယ်လုပ်ရပါတယ်။ *find.pcworld.com/72237*

Find My iPhone ရဲ့ အားနည်းချက်ကတော့ disable လုပ်ဖို့ လွယ်ကူပါတယ်။ Android security suite တွေကို disable လုပ်ချင်ရင် password မှန်မှ လုပ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ အနည်းဆုံးတော့ PIN သင်္ကေတ မှတ် ပေးထားမယ်လို့ မျှော်လင့်ပါတယ်။

## Laptop ကို ခြေရာခံလိုက်ခြင်း

ကိုယ့်ရဲ့ laptop ပျောက်သွားပြီဆိုရင် smartphone ကို track လုပ်ပြီး လိုက်ခဲ့သလို လိုက်နိုင်ပါတယ်။ အဲဒီအတွက် LoJack for laptops *(find.pcworld.com/72238)* ရှိပါတယ်။ သူက ဥပဒေအကြောင်းဘက်ကပါ ကိုယ့် laptop ကို အကာအကွယ်ပေး ထားမှာ ဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုဟာ ကိုယ့် laptop ရှိနေတဲ့နေရာကို IP address ကနေဖြစ်ဖြစ်၊ ကိုယ်ဝယ်ယူထားတဲ့ plan ပေါ်မူတည်ပြီး GPS ကနေဖြစ်ဖြစ် ရှာဖွေပေးနိုင်မှာ ဖြစ်ပါတယ်။ ပြီးရင် ဘယ်သူမှ သုံးမရအောင် lock ချတာ၊ data တွေကိုဖျက်တာ စတာတွေကို အဝေး ကနေ လှမ်းခိုင်းနိုင်မှာ ဖြစ်ပါတယ်။ LoJack ကိုသုံးဖို့ဆိုရင် ကိုယ့် computer မှာ software ကို ထည့်ထားရမှာ ဖြစ်ပါတယ်။ Windows ရော Mac ပါ ၂ မျိုးစလုံး အသုံးပြုနိုင်ပါတယ်။ သုံးစွဲခအနေနဲ့ တစ်နှစ်ကို ဒေါ်လာ ၄၀ ကျသင့်မှာ ဖြစ်ပါတယ်။

ကိုယ့် laptop ကို ကိုယ်တိုင် track လုပ်ချင်ရင်တော့ preyproject.com ကတစ်ဆင့် Prey software ကို စမ်းသပ် သုံးစွဲနိုင်ပါတယ်။ ကိုယ့် computer ပေါ်မှာ software တစ်ခု install လုပ်ဖို့လိုအပ်မှာဖြစ်ပြီး online control panel ကတစ်ဆင့် ကိုယ့် computer ရှိရာနေရာကို track လုပ်နိုင်ပါတယ်။ ပျောက်ဆုံးသွားပြီးတဲ့နောက်မှာ ကိုယ့် laptop ကို ခိုးသူက ဘာလုပ်နေတာလဲဆိုတာကိုပါ သိရအောင် screenshot တွေရနိုင်တဲ့အပြင် built-in webcam ကတစ်ဆင့် ဓာတ်ပုံတွေလည်း ရိုက်ယူနိုင်ပါတယ်။ ပျောက်ဆုံးသွားတာမဟုတ်ရင်တောင် ရှုပ်ပွနေတဲ့ ကိုယ့်အခန်းရဲ့ ဘယ်နေရာမှာရှိသလဲဆိုတာကိုပါ သိရအောင် alarm ကိုပါ ထည့်သွင်းထားနိုင်ပါတယ်။ အဝေးကနေပြီး lock လုပ်နိုင်တာအပါအဝင် ကိစ္စများစွာကို ဆောင်ရွက်နိုင်ပါတယ်။ Prey software ကို Windows၊ Mac OS X၊ Linux နဲ့ Android တွေမှာ အသုံးပြုနိုင်ပြီး install လုပ်ရတာမှာလည်း လွယ်ကူပါတယ်။ အခမဲ့ရနိုင်တဲ့ Prey ဟာ computer နဲ့ Android phone တွေအပါအဝင် ပစ္စည်း ၃ မျိုးအထိ ထိန်းချုပ်နိုင်ပါတယ်။ ၅ ဒေါ်လာပေးရတဲ့ personal account ကနေ ဒေါ်လာ ၄၀၀ အထိပေးရတဲ့ စီးပွားရေး လုပ်ငန်းသုံး account တွေအထိ ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။

Apple ကနေ Find My iPhone လိုပဲ Apple laptop တွေအတွက် Find My Mac ကို မကြာခင်ရနိုင်တော့မယ်လို့ သိရပါတယ်။ သတိထားရမယ့်အချက်တစ်ခုကို ပြောပြပါရစေ။ ဒီလို device tracking product တွေနဲ့ပတ်သက်လို့ အိုဟိုင်းအိုးပြည်နယ်က အမျိုးသမီး တစ်ဦးဟာ LoJack for laptops ကိုထုတ်လုပ်တဲ့ absolute software ကုမ္ပဏီကို တရားစွဲဆိုမှု ဖြစ်ပေါ်ခဲ့ပါတယ်။ အကြောင်းအရာကတော့ သူဟာ အခိုးခံလိုက်ရတဲ့ laptop တစ်ခုကို မသိဘဲဝယ်လိုက်ရာကစပြီး သူ့ရဲ့ ကိုယ်ရေး privacy ချိုးဖောက်ခံရမှုတွေဖြစ်ပေါ်နေလို့ ဖြစ်ပါတယ်။ အသေးစိတ်ကို *(find.pcworld.com/72239)* မှာ ဖတ်ကြည့်နိုင်ပါတယ်။ တကယ်လို့ ကိုယ်ကလည်း device tracking product တွေသုံးတော့မယ် ဆိုရင် မှန်မှန်ကန်ကန်အသုံးချဖို့ လိုအပ်ပါတယ်။

## Laptop ကို lock လုပ်ခြင်း

ကိုယ့် laptop ကို အပြင်မှာ တကယ့်သော့ခလောက်နဲ့ တွဲခတ်ထားတယ်ဆိုတာ ရယ်စရာကောင်းနေပါလိမ့်မယ်။ ဒါပေမဲ့ တကယ်တမ်းတော့ ကိုယ့် laptop ကို ကိုယ်မရှိချိန်မှာ စားပွဲပေါ်ကနေ မယူသွားလို့မရအောင် သော့ခတ်ထားသင့်ပါတယ်။ Laptop တွေရဲ့ lock port မှာ ချိတ်ထားနိုင်တဲ့ သော့ပုံစံမျိုးစုံကို Kensington *(us.kensington.com)* နဲ့ Targus ကုမ္ပဏီတို့ ကတစ်ဆင့် ဝယ်ယူနိုင်ပါတယ်။ Targus ကထုတ်တဲ့ သော့တစ်မျိုးဆိုရင် သူခိုးက ကိုယ့် laptop က သော့ကိုဖြုတ်ဖို့ ကြိုးစားတာနဲ့ alarm ထမြည်မှာ ဖြစ်ပါတယ်။




## ကိုယ့်ပစ္စည်းတွေမှာ label ကပ်ထားပါ

တကယ်လို့ ကိုယ်က အကောင်းမြင်တတ်တဲ့သူဖြစ်လို့ ကိုယ့်ပစ္စည်းတွေပျောက်ဆုံးသွားရင် ကောက်ရသူတွေက ကိုယ့်ကို ပြန်ပေးနိုင်အောင်လို့ BoomerangIt *(boomerangit.com)* နဲ့ StuffBak *(stuffbak.com)* တို့က ဝန်ဆောင်မှုတွေကို သုံးနိုင်ပါတယ်။ ဝန်ဆောင်မှုနှစ်ခုစလုံးမှာ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ကောက်ရသူတွေက သက်ဆိုင်ရာ website တွေကိုတက်ပြီး device label ကို ရိုက်ထည့်ပေးရမှာ ဖြစ်ပါတယ်။ နောက်ပြီး website က ညွှန်ကြားတဲ့အတိုင်း လိုက်လုပ်ပြီး ပျောက်ဆုံးပစ္စည်းအနေနဲ့ အကြောင်းကြားနိုင်ပါတယ်။ အဲဒီနောက် ကိုယ့်ဘက်ကလည်း ဆုကြေးငွေတစ်စုံတစ်ရာနဲ့ ကိုယ့်ပစ္စည်းတွေကို ပြန်လည်ရယူနိုင်မှာ ဖြစ်ပါတယ်။

## phone နဲ့ tablet က data များကို backup မကြာခဏလုပ်ပါ

Android ကို အသုံးပြုနေသူဆိုရင် ကိုယ့် phone နဲ့ tablet က data တွေဖြစ်တဲ့ contact list တွေ၊ email message တွေ၊ ဝယ်ယူထားခဲ့တဲ့ application စတာတွေကို Google က ဝန်ဆောင်မှုပေးတဲ့အနေနဲ့ online အပေါ်မှာ သိမ်းထားနိုင်ပါတယ်။ Photo ၊ video ၊ online ပေါ်က download လုပ်ထားခဲ့တာတွေကို သာမန် backup လုပ်တာပဲဖြစ်ပြီး Google server နဲ့တစ်ဆင့် sync လုပ်ပေးမှာတော့ မဟုတ်ပါဘူး။ ကိုယ့် device ကို လုံလုံခြုံခြုံကာကွယ်ဖို့ကောင်းတဲ့ application တစ်ခုဖြစ်တဲ့ MyBackup Pro ကို ၅ ဒေါ်လာနဲ့ ဝယ်ယူနိုင်ပါတယ်။ ယင်းဟာ ကိုယ့် device တွေပေါ်က file တွေကို backup လုပ်ပြီး SD card ၊ ဒါမှမဟုတ် online ပေါ်မှာပဲ ပြန်သိမ်းထားပေးပါတယ်။ SD card ပေါ်မှာ backup data တွေထားမယ်ဆိုရင်တော့ ယင်း SD card ကို စိတ်ချရတဲ့နေရာမှာ သေသေချာချာ သိမ်းထားရမှာ ဖြစ်ပါတယ်။ နောက်ပြီး သူ့ကို primary storage အနေနဲ့ မသုံးသင့်ပါဘူး။ တကယ်လို့ ကိုယ့် device ပျောက်သွားပြီဆိုရင် backup လုပ်ထားတဲ့ SD card ကို device အသစ်ထဲထည့်ပြီး ပျောက်ဆုံးသွားတဲ့ information အားလုံးကို ပြန် restore လုပ်နိုင်မှာ ဖြစ်ပါတယ်။

iOS ကို အသုံးပြုသူတွေအတွက်တော့ လွယ်ကူပါတယ်။ ကိုယ်သုံးနေတဲ့ iPhone ၊ iPad စတာတွေကို iTunes နဲ့ sync လုပ်လိုက်တိုင်းမှာ ကိုယ့် computer ပေါ်မှာ backup လုပ်ပြီး ဖြစ်နေပါတယ်။ Backup



လုပ်တဲ့အခါမှာ application data တွေအပါအဝင် ကိုယ်ပြုလုပ်ထားတဲ့ setting တွေနဲ့တကွ ဓာတ်ပုံ၊ သီချင်း၊ ရုပ်ရှင်၊ စာအုပ် စတာတွေအားလုံး ပါဝင်မှာ ဖြစ်ပါတယ်။ Restore ပြန်လုပ်ဖို့လည်း လွယ်ပါတယ်။

iDevice ကိုတပ်လိုက်ပြီး restore ကို ရွေးပေးလိုက်ရုံပဲ ဖြစ်ပါတယ်။ Apple က နောက်ထွက်လာမယ့် iOS 5 ကို အသုံးပြုနိုင်ပြီဆိုရင် backup လုပ်တဲ့အခါမှာ iCloud လို့ခေါ်တဲ့ personal online storage service အနေနဲ့ online မှာ backup file တွေထားနိုင်မှာ ဖြစ်ပါတယ်။ iCloud မပေါ်လာမချင်းတော့ backup ကကို manually ပဲ လုပ်နေရဦးမှာ ဖြစ်ပါတယ်။

## ပျောက်ဆုံးသွားတဲ့ gadget ကို recover ပြန်လုပ်ခြင်း

အမှန်တကယ်ကိုပဲ ကိုယ့် phone ၊ laptop ၊ tablet စတာတွေ ပျောက်ခဲ့ရင် စိတ်မလှုပ်ရှားပါနဲ့။ အောက်ဖော်ပြပါအချက်တွေကို လိုက်နာပြီး ကိုယ်တိုင်ကာကွယ်မှုတွေ ပြုလုပ်ပါ။

### Password အားလုံးကို ပြောင်းပါ

အရေးကြီးအချက်အလက်တွေပါတဲ့ ဘယ်ပစ္စည်းမဆို ပျောက်ရှခဲ့ရင် အရင်ဆုံးလုပ်ရမှာက password တွေပြောင်းလဲဖို့ ဖြစ်ပါတယ်။ ပထမဆုံး ကိုယ့်ရဲ့ email password ကို အရင်ပြောင်းပါ။ ဘာလို့လဲဆိုတော့ ကိုယ့် email ဟာ ရှိသမျှ online accounts ကို ဝင်နိုင်တာကြောင့် ဖြစ်ပါတယ်။ ထပ်မံအကြံပေးချင်တာက password ပေးတဲ့အခါမှာ ဖောက်ထွင်းရခက်တဲ့ password မျိုးဖြစ်ပါစေ။ *PCWorld* က password ပေးတာနဲ့ ပတ်သက်လို့ အကြံပေးထားတာတွေကို *(find.pcworld.com/72235)* မှာ ဖတ်နိုင်ပါတယ်။

### ရဲကိုအကြောင်းကြားပါ

Account password တွေပြောင်းပြီးပြီဆိုတာနဲ့ ပျောက်ဆုံးသွားတဲ့ ကိုယ့်ပစ္စည်းအကြောင်း ရဲကို အကြောင်းကြားပါ။ တခြားသူတွေက ကိုယ့်ပစ္စည်း ဖြစ်ကြောင်း မှတ်မိနိုင်တဲ့အချက်တွေကို ပြောပါ။ ဥပမာ– sticker ကပ်ထားတာဖြစ်ဖြစ်၊ အခွဲလဲထားတာဖြစ်ဖြစ် ပြီးရင် အနီးအနားမှာရှိတဲ့ အပေါင်ဆိုင်၊ ပစ္စည်းဟောင်းတွေ ရောင်းဝယ်တဲ့ဆိုင်တွေကိုလည်း အသိပေးအကြောင်းကြားထားပါ။

### ကိုယ့်ပစ္စည်းကို track လုပ်ပါ

တကယ်လို့ recovery software ဖြစ်ဖြစ်၊ tracking software ဖြစ်ဖြစ် install လုပ်ထားခဲ့ရင် activate လုပ်ပြီး တည်နေရာကိုလိုက်ပါ။ Tracking software တွေဆိုရင် ဝန်ဆောင်မှုပေးထားတဲ့ ကုမ္ပဏီရဲ့ website ၊ ဒါမှမဟုတ် online control panel ကတစ်ဆင့် ကိုယ့်ပစ္စည်းကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ iOS မှာတော့ device ရဲ့ ရှိသမျှ content အားလုံးကို ဖျက်ပစ်နိုင်စွမ်း ရှိပါတယ်။ Android ၊ ဒါမှမဟုတ် tablet မှာတော့ user data တွေကိုပဲ ဖျက်နိုင်ပါတယ်။ SD card နဲ့ တခြား external media ကိုတော့ ဖျက်နိုင်စွမ်း မရှိပါဘူး။ ဒါကြောင့် SD card ပေါ်မှာ အရေးကြီးတဲ့ အချက်အလက်တွေသိမ်းမယ်ဆိုရင်တော့ သတိထားသင့်ပါတယ်။

### Plan B ကို ချမှတ်ပါ

Recovery software တွေနဲ့ ပတ်သက်လို့ iOS device တွေမှာ သိပ်အဆင်မပြေပါဘူး။ Android သုံးစွဲသူတွေကတော့ web-based Android market ကတစ်ဆင့် ကိုယ့် phone ၊ ဒါမှမဟုတ် tablet ထဲကို recovery software ကို (ကိုယ့်ပစ္စည်းဟာ ကိုယ့်လက်ထဲမှာရှိမနေတော့ရင်တောင်မှ) အဝေးကနေလှမ်းပြီး install လုပ်နိုင်ပါတယ်။ Mobile security suite တစ်မျိုးဖြစ်တဲ့ Plan B ကို *(find.pcworld.com/72236)* မှာ လေ့လာနိုင်ပါတယ်။ ယင်းကို web-based Android market ကတစ်ဆင့် install လုပ်နိုင်ပြီး သူ့အလိုအလျောက် run ပြီး ကိုယ့် gmail account ဆီကို ပျောက်ဆုံးသွားတဲ့ပစ္စည်း ဘယ်နေရာမှာရှိနေသလဲဆိုတာ အကြောင်းကြားနိုင်မှာ ဖြစ်ပါတယ်။ Plan B ကို အားကိုးဖို့တော့ မဟုတ်ပါဘူး။ အနည်းဆုံးတော့ ကံကောင်းရင်တစ်ခုခုတော့ ပြန်လုပ်နိုင်ဖို့ ဖြစ်ပါတယ်။

ဒါဆိုရင်တော့ ပျောက်ဆုံးသွားတဲ့ ကိုယ့် mobile device တွေနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ရမလဲဆိုတာ သိနေလောက် ပါပြီ။ ၁၀ ဒေါ်လာလောက်ပဲတန်တဲ့ software လေးတွေဟာ တန်ဖိုးဖြတ်မရတဲ့ ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်တွေကို ကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ■

## Phone ၊ ဒါမှမဟုတ် laptop အသစ်ကို ပြန်စသုံးရတော့မယ်ဆိုရင်

အကြောင်းအမျိုးမျိုးကြောင့် ကိုယ့် mobile device တွေ ပျောက်ဆုံးပြီး ပြန်မရတော့ဘူးဆိုရင် ကိုယ့်အနေနဲ့ အသစ်တစ်လုံး ပြန်ဝယ်ရမှာ ဖြစ်ပါတယ်။ ပြန်ဝယ်လို့ရပေမယ့် အထဲမှာထည့်ထားခဲ့တဲ့ app တွေကအစ အားလုံးကို တစ်ခုချင်းစီပြန်ထည့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အရေးကြီးတဲ့အချက်အနေနဲ့ အောက်ပါအတိုင်း လိုက်နာသင့်ပါတယ်။

1. ပထမဆုံး ကိုယ့် phone ၊ tablet ၊ laptop တို့မှာ အသုံးပြုထားတဲ့ SIM card ကို မှားသုံးလို့မရအောင် deactivate လုပ်ပြီး lock ချရမှာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင် ကိုယ့် SIM card ကို lock ကျနေတဲ့ phone ကနေဖြုတ်ပြီး တခြားတစ်ခုထဲကိုထည့်ပြီး အကန့်အသတ်မရှိ သုံးနေဦးမှာ ဖြစ်ပါတယ်။ အရေးကြီးတာကတော့ ကိုယ့် phone ပျောက်သွားပြီဆိုတာနဲ့ ရဲဆီကိုပါ အသိပေးအကြောင်းကြားရမှာ ဖြစ်ပါတယ်။
2. ဒုတိယအချက်အနေနဲ့ကတော့ ဒီလိုဖြစ်ပြီးသွားရင် ကိုယ့်ငွေကြေးဆိုင်ရာအချက်အလက်တွေကို ကြည့်နေပါ။ ကိုယ့် phone ထဲက data တွေကို phone lock မကျခင်၊ data မပျက်သွားခင်မှာ ရလိုက်မယ်ဆိုရင် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ကိုယ့် online banking ၊ shopping info: ၊ email password စတာတွေကို အကုန်ချက်ချင်း ပြောင်းလဲဖို့ လိုပါတယ်။ ■

ကောင်းမြတ်ထွဋ်

